# တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ

# Mungchying Myusha ni a ahkaw ahkang makawp maga ai tara ni

(အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၉)

Amying n-dau laika masat - 48/ 2019

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

1381 ning wa Hkawng shata rum 8 ya

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

(2019 ning August 23 ya)

# Garawng


| Langbat | Ginlam | Laika masat |
|---|---|---|
| 1. | Daw kaba (1)<br>Mying hte Lachyum madun ai. | 1 |
| 2. | Daw kaba (2)<br>Komiti hte bungli lamang ninghtan ai lam. | 4 |
| 3. | Daw kaba (3)<br>Mung Ginwang kaba (sh) Mungdaw dawni hta mungchying sha lam the Myusha sut-lu rawt-jat bungli ni galaw ai lam. | 4 |
| 4. | Daw kaba (4)<br>Mungchying Myusha ni a ahkaw ahkang makawp maga ai lam | 5 |
| 5. | Daw kaba (5)<br>N dang kalang ai hting rai lam | 10 |
| 6. | Daw kaba (6)<br>Masing lam ni hkrang shapraw galaw ai lam | 12 |
| 7. | Daw kaba (7)<br>Magup sum h | 14 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ကော်မတီနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း | ၄ |
| ၃။ | အခန်း(၃)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၄ |
| ၄။ | အခန်း(၄)<br>တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း | ၅ |
| ၅။ | အခန်း(၅)<br>အငြင်းပွားမှုဖြေရှင်းခြင်း | ၁၀ |
| ၆။ | အခန်း(၆)<br>စီမံကိန်းများ<br>အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၂ |
| ၇။ | အခန်း(၇)<br>အထွေထွေ | ၁၄ |

# Munghpawm Myenmar  Mungda Asuya

## Mungchying Myusha Hkringmang Dap

## Amying n-dau laika masat - 48/ 2019

## 1381 ning wa Hkawng shata rum 8 ya

## (2019 ning August 23 ya)

Mungchying Myusha Hkringmang Dap gaw, Mungchying Myusha shagu ni a ahkaw ahkang makawp maga ai Tara 34 Tara masat (A) hte masat da ai galaw lu ai ahkang hpe lang nna Munghpawm Asuya a myithkrum lam hta n-dai tara masat shagrin da sai.

### Daw kaba (1)

### Mying hte Lachyum madun ai.

1. N-dai tara ni gaw Mungchying Myusha ni a, ahkaw ahkang makawp maga ai tara ni re ngu masat ai.

2. N-dai tara hta lawm ai ga hkum ni gaw Mungchying Myusha ni a ahkaw ahkang makawp maga ai tara hta lawm ai lachyum rai ra na, dai hta lawm na tara masat ga hkum ni gaw madun da ai hte maren lachyum pru lu na

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/ ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**

**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၃၄ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေ များကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

a. **Tara ngu** ai gaw Mungchying Myusha ni a ahkaw ahkang makawp magaai tara hpe ngu ai.

b. **Hkrang** gaw n-dai tara hta lawm ai hkrang amyu myu hpe nga ai.

c. **N-dang kalang** ai lam ngu ai gaw Mungchying sha shada da (sh) Mungchying sha Myusha ni a lapran Mungchying Myusha ni a ahkaw ahkang makawp maga ai tara (2) tara masat garan (၁) hta Mungchying Myusha lam ni hte seng nna n-dang kalang ai lam ni hpe ngu ai.

d. **Ahkaw ahkang sum machyi** ai ngu ai hta gawda tara n’pawt n’hpang hte Mungchying Myusha ni a ahkaw ahkang makawp maga ai tara hta Mungchying Myusha ni a ahkaw ahkang ni hkrat-sum machyi nga ai hpe ngu ai

(က) **ဥပဒေ** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ဆိုသည်။

(ခ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသည့် ပုံစံတစ်မျိုးမျိုးကို ဆိုသည်။

(ဂ) **အငြင်းပွားမှု** ဆိုသည်မှာ တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)ပါ တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုကို ဆိုသည်။

(ဃ) **အခွင့်အရေးနစ်နာဆုံးရှုံးမှု** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုကို ဆိုသည်။

e. **Masing ngu** ai gaw Mungchying Myusha ni a ginra rawt-jat bawngring bungli masing ni, N'hprang rai htu shaw bungli ni, shinggyim sha, sut-su lam ni, hte kaga masing jahkrat galaw na bungli hpe ngu ai.

f. **Rawt-jat bawng-ring hpang hkrat n-law ai mungchying myusha ni ngu** ai gaw ndai hkringmang dap bawng-ring lam n-law ai ginra aten masa hte tara a mung n-dau shabra masat da ai ginra hkan n'pawt da nga khan ai mungchying myusha ni hpe ngu ai.

(င) **စီမံကိန်း** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားသော ကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စနစ်တကျ ကြိုတင်စီမံ ဆောင်ရွက်သောလုပ်ငန်းများကို ဆိုသည်။

(စ) **ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသား လူမျိုးများ** ဆိုသည်မှာ ဥာဝန်ကြီးဌာနက ဖွံ့ဖြိုး တိုးတက်မှု နည်းပါးသည့်ဒေသအဖြစ် အခါအား လျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ် ထားသောနေရာဒေသများတွင် အခြေချနေထိုင်သည့် တိုင်းရင်းသား လူမျိုးများကိုဆိုသည်။

## Daw kaba (2)

## Komiti hte bungli lamang ninghtan ai lam.

**3.** Hkringmang Dap gaw Mungchying Myusha ni a ga, Laika, shing ni hpaji, **Htunghking lailen Myusha masat kumla hte labau shang arung arai ni hpe*** makawp sharawt na hte bawng-ring rawt-jat lam hpang hkrat nga ai myusha ni a sut-su lam galaw na lam galaw lu hkra seng-ang ai Hkringmang Dap ni hte jahkrum bawngbaw nna ra ai hkan nna komiti hte bungli uhpung hpaw nna galaw lu ai.

**4.** Hkringmang Dap gaw tara Upadi 3 hte hpaw ninghtan ai komiti hte bungli galaw uhpung ni hpe bungli lamang masat ya na.

## Daw kaba (3)

## Mung Ginwang kaba (sh) Mungdaw daw ni hta Mungchying sha lam hte Myusha sut-lu rawt-jat bungli ni galaw ai lam.

**5.** Munghpawm Hkringmang gaw seng-ang ai Mung Ginwang kaba (sh) Mungdaw ni na Mungchying sha lamang lam hte Myusha ni a shinggyim sha sut jat bawng-ring lam jawm hpawm galaw na seng-ang ai Mung Ginwang kaba Hkringmang (sh) Mungdaw Hkringmang hpe lit lamang garan ap ya lu ai.

* **10.7.2020 ya shani Shawng ningnan hkyen lajang ai.**

## အခန်း(၂)
## ကော်မတီနှင့်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ **အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်*တို့ကို** ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး လိုအပ်သော ကော်မတီ နှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃ အရ ဖွဲ့စည်းသော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း(၃)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၅။ ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသား တို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေ အပ်နှင်းနိုင်သည်။

*၁၀-၇-၂၀၂၀ရက်နေ့တွင်ပထမအကြိမ်ပြင်ဆင်သည်။

**6.** Tara Upadi 5 hte lit lamang garan lit jaw hkam la sai Hkringmang gaw Tinang galaw ang sai magam lit hpe tup hkrak awngdang hkra galaw lu na matu seng ang ai Mung Ginwang kaba (sh) Mungdaw kaw na kaga Hkringmang dap ni, Asuya wuhpung wuhpawng, tinang uphkang lu gaiwang tinang uphkang ahkang lu uhpung ni hte pawng-hpawm galaw lu ai

**Daw kaba (4)**

**Mungchying Myusha ni a ahkaw ahkang makawp maga ai lam**

**7.** Mungchying Myusha ni gaw tinang Mungchying Myusha ni a ahkaw ahkang ni sum machyi hkrum n-na rai hkrum, ahkaw ahkang sum machyi na zawn ra wa ai rai makawp maga hkam la lu na matu sengang ai Mung Ginwang kaba (sh) Mungdaw Asuya kaw form (1) hte tang shawn mai ai.

၆။ နည်းဥပဒေ ၅ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၄)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း

၇။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးလျှင်သော်လည်းကောင်း၊ အခွင့်အရေး နစ်နာဆုံးရှုံးနိုင်ဖွယ်ရာ ရှိလျှင်သော်လည်းကောင်း ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ ပုံစံ(၁)ဖြင့် တင်ပြနိုင်သည်။

8. Seng-ang ai Mung Ginwang kaba (sh) Mungdaw Asuya gaw form (1) hta tang madun ai hpe hkapla lu ai shaloi tang madun ai mungchying myusha a machyi sum hkrum ai lam n’nga hkra ra ang ai makawp maga ya lu hkra seng-ang ai Mung Ginwang kaba (sh) Mungdaw e nga ai Mungchying myusha hkringmang lama n’nga ang yang htap-htuk ai Mung Ginwang kaba (sh) Mungdaw Asuya magam gun Hkringmang langai ngai hpe lit jaw galaw gunhpai shangun na.

9. Tara Upadi 8 hte lit jaw hkam la Hkringmang gaw tang madun ai lam n’tsa Mungchying Myusha ni a ahkaw ahkang sum machyi ai lam kaji wa nga ai n nga ai jep maram na, jep maram ai lam hta Mungchying Myusha ni a ahkaw ahkang sum machyi ai lam mu yang makawp maga ya lu na matu jep maram mu lu ai lam hpe seng-ang ai Mung Ginwang kaba (sh) Mungdaw Hkringmang Dap ni, Asuya hpung ni, tinang up ahkang lu Ginwang (sh) Tinang uphkang ahkang lu ginra uphkang ni hte ra ai lam jawm hpawm jahkrum nna galaw na.

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပုံစံ(၁) ဖြင့်တင်ပြချက်ကို လက်ခံရရှိသည့်အခါ တင်ပြလာသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး မရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

၉။ နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီးသည် တင်ပြချက်အပေါ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ်ရမည်။ စိစစ်ချက်အရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ကြောင်းတွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် စိစစ်တွေ့ရှိချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ(၁-က) ဖြင့် တင်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

10. (a) Tara (8) hte lit shatsam hkam sai Hkringmang wa gaw tara Upadi 9 hte maren jep maram galaw ai shaloi Mungchying Myusha ni a ahkaw ahkang sum machyi ai dan leng mu mada ai hpe makawp maga yu gawn ya lu na matu munghpawm madang nga kaga Hkringmang Dap ni, Asuya Dap ni, Asuya hpung ni a karum ningtum na ra nga ai mu mada jang sengang ai Mung Ginwang kaba (sh) Mungdaw Asuya hpung de Form (1.B) hte rai Jang, sengang ai Mung Ginwang kaba (sh) Mungdaw Asuya hpung kaw nna Hkringmang Dap de form (1-6) hte rai Jang tang madun ra na.

(b). Mung Ginwang kaba (sh) Mungdaw Asuyagaw Tara Upadi (n) hte tang madun ai hte seng nna Munghpawm madang nga Hkringmang Dap ni, Asuya hpung ni a karum ningtum lu la ra na masam maram mu yang munghpawm Asuya hpung de matut tang shagrin na.

(c). Hkringmang Dap gaw Tara Upadi (m) hta tang madun ai hte seng nna,Munghpawm atsang Hkringmang Dap ni, Asuya hpung ni, Asuya dap ni a karum ningtum lu na matu ra ai hpe masam lu yang munghpawm Asuya hpung de matut tang madun na.

၁၀။ (က) နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် နည်းဥပဒေ ၉ အရ စိစစ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး နစ်နာဆုံးရှုံးမှုပေါ်ပေါက်ကြောင်းတွေ့ရှိပြီး ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ(၁-ခ)ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ ပုံစံ(၁-ဂ) ဖြင့် လည်းကောင်း တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စု အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် နည်းဥပဒေခွဲ(က) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ဆက်လက်တင်ပြရမည်။

11. Tara Upadi 8 hta lit shatsam hkrum ai Hkringmang gaw tinang galaw ra sai lam hta Mungchying Myusha ni a ahkaw ahkang makawp maga galaw ya n-lu yang mabyin kaba (sh) Mungdaw Asuya hpung de form (1-D) hte tang maduna.

12. Mung Ginwang kaba (sh) Mungdaw Asuya hpung gaw Tara Upadi11 hte tang madun ai lam gaw mung hpawm atsang kaw galaw nga ra bungli re masam maram lu yang ra ai hta hkam nna galaw ya na matu munghpawm Asuya hpung de tang madun na.

13. (a) Munghpawm Asuya hpung gaw Upadi 12 hte tang madun ai hpe ra ai hta hkan nna galaw lu na matu Munghpawm Hkringmang hpe lit shatsam na.

၁၁။ နည်းဥပဒေ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရမည့်ကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်း မရှိပါက အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ (၁-ဃ) ဖြင့် တင်ပြရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၁၁ အရ တင်ပြလာသည့်ကိစ္စမှာ ပြည်ထောင်စုအဆင့်တွင်ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နည်းဥပဒေ ၁၂ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(b) Munghpawm Hkringmang gaw tara Upadi (A) hte lit shatsam ai Mungchying Myusha ni a ahkaw ahkang sum machyi nga lam hta makawp maga la lu na matu mung hpawm Asuya hpung a dawdan ya ai lam rai dewan, munghpawm madang nga ai sengang ai Hkringmang Dap ni, Asuya Dap ni, Asuya wuhpung ni hte pawng-hpawm nna galaw ya ra na.

(c) Munghpawm Hkringmang gaw tara Upadi (A) hte shatsam ai lam ni hpe galaw ai shaloi ra wa yang Hkringmang Dap hte sengang ai kaga Hkringmang Dap ni na tang shawn salang ni lawm ai komiti hpe Munghpawm Asuya hpung a myithkrum lam hte galaw lu ai.

14. Tara Upadi 9 hta tang madun wa ai ahkaw ahkang sum machyi ai hte seng ai lam ni hta sengang Mung Ginwang kaba (sh) Mungdaw Asuya hpung a dawdan ai lam ngut kre sai.

(ခ) ပြည်ထောင်စုဝန်ကြီးသည် နည်းဥပဒေခွဲ (က) အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးသည့်ကိစ္စတွင် ကာကွယ် စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် နည်းဥပဒေခွဲ(က) အရ တာဝန်ပေးအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ရာ တွင် လိုအပ်ပါက ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများမှ အဆိုပြုသည့် ပုဂ္ဂိုလ်များ ပါဝင်သော ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၄။ နည်းဥပဒေ ၉ အရ တင်ပြလာသော အခွင့်အရေး နစ်နာ ဆုံးရှုံးမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ် ဖြစ်သည်။

15. Tara Upadi 10 hte tara Upadi 12 hte tang madun ai ahkaw hkang sum machyi lam hte seng ai ginlam ni hta Munghpawm Asuya a dawdan ai lam hte tup hkrak ngut kre sai.

**Daw kaba (5)**

**N dang kalang ai hting rai lam**

16. Munghpawm Hkringmang gaw Mungchying sha shada da (sh) Mungchying Myusha ni a lapran n-dang kalang byin ai manghkang ni hpe jawm-hpawm hting-rai hting-rat ai hte pri-nem ya lu na matu seng-ang ai Mung Ginwang kaba (sh) Mungdaw Hkringmang daju hte jahkrum nna seng-ang ai Mung Ginwang kaba (sh) Mungdaw Hkringmang hpe lit garan shatsam ya lu ai.

17. Mungchying Myusha ni gaw tinang Mungchying sha shada da (sh) Mungchying Myusha ni lapran n-dang kalang lam lama ma byin pru wa yang thing-ram ya lu na matu Mung Ginwang kaba (sh) Mungdaw Mungchying sha ahkaw ahkang makawp maga dap kaw nna Tara Upadi (16) hte maren lit shatsam hkamla ai Hkringmang hpang de form (2) hte tang madun ra ai.

၁၅။ နည်းဥပဒေ ၁၀ နှင့် နည်းဥပဒေ ၁၂ တို့အရ တင်ပြလာသော အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၅)
## အငြင်းပွားမှုဖြေရှင်းခြင်း

၁၆။ ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်းပြုနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းနိုင်သည်။

၁၇။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသား အချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြားတွင် အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တစ်ဆင့် နည်းဥပဒေ ၁၆ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးထံ ပုံစံ (၂) ဖြင့် တင်ပြရမည်။

18. Tara Upadi (16) hte lit jaw shatsam hkam-la ai Hkringmang gaw n-dang kalang re lam hpe hting ram ya ai shaloi-

(a) Sengang ai Mung Ginwang kaba (sh) Mungdaw na kaga Hkringmang Dap ni Asuya Dap ni, tinang uphkang ahkang lu Ginwang (sh) tinang uphkang a hkang lu dap ni hte ra-ang yang pawnghpawm hparan la na.

(b) N-dang kalang rai ai lam hte seng nna hparan gasan la lu ai lam ni hpe Mung Ginwang kaba (sh) Mungdaw Dap Asuya Dap de form (2-A) hte rai gas an Munghpawm Hkringmang kaw form (2-B) hte tang madun ai hte seng nna ra wa yang mung-hpawm Asuya kaw tang madun nna jawm hpawm hting-rat mai ai.

19. Munghpawm Hkringmang hte seng-ang ai Mung Ginwang kaba (sh) Mungdan Asuya Dap de Tara Upadi 18 Upadi garan (B) hte tang madun ai hte seng nna ra wa yang Munghpawm Asuya kaw tang madun nna jawm hpawm hting-rat mai ai.

၁၈။ နည်းဥပဒေ ၁၆ အရ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော ဝန်ကြီးသည် အငြင်းပွားမှုများကို ဖြေရှင်းရာတွင်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းရမည်။

(ခ) အငြင်းပွားမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရရှိလာသည့် ညှိနှိုင်းဖြေရှင်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပုံစံ (၂-က) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးသို့ ပုံစံ(၂-ခ) ဖြင့် လည်းကောင်း တင်ပြရမည်။

၁၉။ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြပြီး ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းနိုင်သည်။

## Daw kaba (6)

### Masing lam ni hkrang shapraw galaw ai lam

20. Mungchying Myusha ni nga ai ginra hta galaw na masing hte seng nna masing tang shawn ai wa gaw

(a) Bungli masing a akyu ara/mara a lam ni hpe masing hkrang shapraw na shara kaw na n-pawt da nga past ai ginra madu Mungchying sha ni mu-chye na matu, shanhte na-chye myit-hkrum ai Myusha ga hte lam masa lang nna tau-hkrau hkrum hkum tsup shanti sang-lang da ra na.

(b) Myammar Mungdan a prat du ngang kang ai rap-ra bawng-ring na masing (myammar susutainable Development plan-MSDP) masing masa Pandung masing kaba bungli hte maren galaw ra ai.

(c) Ndai ginra grup-yin hte Myusha sut-lu ni n'tsa hkra machyi shai galai wa chye ai lam nga, n'nga chye-lu na matu makau mayang hkra machyi lam masam maram ai hte myusha bawng-ring lam a n'tsa maram lam ni seng-ang ai a lam matsun hte maren galaw ra ai.

## အခန်း(၆)

## စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၂၀။ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသအတွင်း ဖော်ဆောင်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူသည်-

(က) စီမံကိန်း၏ အကျိုးအပြစ်နှင့် အကြောင်းအရာများကို စီမံကိန်းအကောင်အထည်ဖော်မည့်ဒေသရှိ အခြေချနေထိုင်သူဒေသခံတိုင်းရင်းသားများ သိရှိ နားလည်စေရန် ၎င်းတို့နားလည်သဘောပေါက်နိုင်မည့် ဘာသာစကားနှင့် နည်းလမ်းများကို အသုံးပြု၍ ကြိုတင်၍ ပြည့်စုံတိကျစွာ ရှင်းလင်းချပြရမည်။

(ခ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ မူဝါဒရေးရာ ဦးတည်ချက်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် အညီ ဆောင်ရွက်ရမည်။

(ဂ) ယင်းဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝတို့အပေါ် ထိခိုက်ပြောင်းလဲမှုဖြစ်ပေါ်စေနိုင်ခြင်း ရှိမရှိ သိရှိနိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှုဆန်းစစ်ခြင်းတို့ကို သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(d) Makau mayang hkra machyi lam masam maram ai hte Myusha bawng-ring lam n’tsa masam maram bungli a atsang ma hkra ginra madu Mungchying sha ni hte bawngban jahkrup ai lam hpe asan mu-chye hkra galaw na.

21. Bungli masing tang shawn ai wa gaw

(a) Tara Upadi 20 hta galaw tawn sai lam hpe masing rai n’hpang yang Hkringmang Dap de hkum hkum tsup tsup tang madun nna myit-sawn da ai matsing hkam la ra na.

(b) Bungli masing hkrang shapraw ngut da sai rai yang tau-hkrau hkyen lajang lam ni hte galaw ngut kre da ai lam ni Hkringmang Dap de tang madun ra ai.

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ၏ အဆင့်အားလုံးတွင် ဒေသခံ တိုင်းရင်းသားများနှင့် ဆွေးနွေးညှိနှိုင်းမှု များကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရမည်။

၂၁။ စီမံကိန်းအဆိုပြုသူသည်-

(က) နည်းဥပဒေ ၂၀ အရ ဆောင်ရွက်ထားရှိမှုကို စီမံကိန်း မစတင်မီ ဝန်ကြီးဌာနသို့ ပြည့်စုံစွာ အစီရင်ခံ တင်ပြ ၍ သဘောထားမှတ်ချက်ရယူရမည်။

(ခ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ပြီးစီး ပါက ကြိုတင်စီစဉ်ထားရှိမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

**Daw kaba (7)**

**Magup sum hpa**

22. Mungchying Myusha ni a ahkaw ahkang hkrat sum a rai yang makawp maga ya ai lam hte n-dang kalang ai lam pawng-hpawm hting-rai ai lam hparan jasan ai shaloi lawu na lam langai ngai hte seng ai tang madun sang lang ai n mai galaw na.

(a) Tara rung langai ngai a man kaw tsap shang nga ai ten manghkang lam hte Tara rung langai ngai a dawdan sai a ntsa bai kahtap dinglun gram lajang shang nga manghkang ni

(b) Tara rung langai ngai hta dawdan ngut kre sai mang hkang ni.

23. Mungchying Myusha ni a ahkaw ahkang makawp maga ai (sh) n-dang kalang ai hting-rai jasan lam lamang hte seng nna sengang ai ni kaw na kaning re hkrat htum jarik mung la ai lam hta ai n'galaw lu na.

## အခန်း(၇)

## အထွေထွေ

၂၂။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းပြုရာတွင် အောက်ပါအမှုအမျိုးအစားတစ်ခုခုနှင့် သက်ဆိုင်သော တင်ပြချက်ကို ဖြေရှင်းခြင်း မပြုရ-

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲ အမှုများ၊

(ခ) တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ။

၂၃။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်သူများထံမှ မည်သည့်ကုန်ကျစရိတ်ကိုမျှ ကောက်ခံခြင်း မပြုရ။

24. Hkringmang Dap gaw Mungchying Myusha ni a ahkaw ahkang machyi hkrat-sum ai rai yang, makawp maga ya na hte n-dang kalang lam ni hpe jawm-hpawm hparan ya ai lam ni hparan ya ai lam hta ra yang seng-ang ai Myusha ga atsawm chye chyang ai ga-byan lu hkra tam la nna hparan ya ra na.

25. Ndai Tara Upadi ni hta lawm ai Mungchying Myusha ni a ahkaw ahkang makawp maga lam hte n-dang kalang hparan lam bungli ni hpe galaw ai shaloi Mungchying sha ahkaw ahkang makawp maga ai dap na rung bungli ni hpe galaw ra ai.

26. Ndai tara Upadi hta lawm ai Mungchying Myusha ni a ahkaw ahkang makawp maga ai lam hte n-dang kalang ai amu hparan ai lam bungli ni hpe hparan ai shaloi tup-hkrak awngdang na matu tang madun wa ai lam masa ni hte matut mahkai ai salang Asuya (sh) Asuya Dap ni tinang uphkang Ginwang (sh) tinang uphkang dap ni gaw ra ga-dawn ai magam lam ni hte pawng-hpawm shang lawm galaw lawm ra na re.

27. Mungchying Myusha ni a, ahkaw ahkang makawp maga ai lam (sh) n’dang kalang hparan ai shaloi sengang ai Mungchying Myusha ni a Htunghking nga pra sat lawat ni hpe nam-nak da galaw ra ai.

၂၄။ ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး နစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်သည့် စကားပြန်ရရှိရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၂၅။ ဤနည်းဥပဒေများပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ရုံးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၂၆။ ဤနည်းဥပဒေများပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စေရန် အလို့ငှာ တင်ပြလာသည့်ကိစ္စရပ်များနှင့် ပတ်သက် ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များသည် လိုအပ်သည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းပြုရမည်။

၂၇။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းခြင်းပြုရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများကို အလေးထား ဆောင်ရွက်ရမည်။

28. Ndai tara Upadi ni hta lawm ai Mungchying Myusha ahkaw ahkang makawp maga ai lam n-dang kalang mu hparan ai bungli ni hpe galaw ai shaloi ra ai hkrat-ang ai jarik ni Mungchying Myusha ahkaw ahkang makawp maga uphkang dap kaw na budget gumhpraw Bank htung tara hte maren jai lang na.

29. Tara Upadi 32 hte maren lit shatsam hkam ai Mung Ginwang kaba (sh) Mungdaw Asuya Hkringmang gaw sengang ai Mungchying sha ra ai magam lam ni hpe hkrang shapraw galaw lu na matu Mung Ginwang kaba (sh) Mungdaw Asuya dap a shang/pru gumhpraw budget baw hta shaning shagu jahpan bang lawm na matu galaw ra na.

30. Hkringmang Dap gaw bawng-ring rawt-jat lam n'law ai ginra ni hpe Munghpawm Asuya Dap a myithkrum lam hte ten hkying hta hkan nna aming n-dau shabra laika shapraw masat lu ai.

Naing Tet Lwi

Mung Hpawng Hkring Mang

Mungchying Myusha ni magam Hkringmang Dap

Laika No.2 /1 - 1 /2019 (1948)

N'htoi;- 2019 ning August (23) ya

၂၈။ ဤနည်းဥပဒေများပါ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သော ကုန်ကျစရိတ်များကို တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံသုံးစွဲရမည်။

၂၉။ ဥပဒေပုဒ်မ ၃၂ အရ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်း ရေးဆွဲနိုင်ရန် ဆောင်ရွက်ရမည်။

၃၀။ ဝန်ကြီးဌာနသည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့်ဒေသများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

နိုင်သက်လွင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

စာအမှတ်၊ ၂ / ၁ - ၁ / ၂၀၁၉ (၁၉၄၈)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်

**Hkrang( 1 )**

**Tang madun laika**
**(Tara Upadi- 7)**

De/

…………..Mung Ginwang kaba / Mungdaw Asuya Dap

N'htoi : / /

GINLAM: : MUNGCHYING MYUSHA NI A AHKAW AHKANG SUM MACHYI LAM TANG MADUN AI LAM.

1. ____________________________________________________

____________________________________________________________

2. ____________________________________________________

____________________________________________________________

| | |
|---|---|
| Ta masat | ____________ |
| Tang madun ai wa | ____________ |
| Mungcha No. | ____________ |
| Myusha/ Makam masham | ____________ |
| Galaw bungli/ atsang/ madang | ____________ |
| Matut ma hkring dat | ____________ |
| Kawa mying | ____________ |
| Asak | ____________ |
| Phone No. | ____________ |

Kanan:

1. Mung Ginwang kaba/ Mungdaw Mungchying Myusha Hkringmang ni
2. ………Tinang uphkang ahkang lu Ginwang/ Ginra woi-awn Dap.

ပုံစံ (၁)

## တင်ပြစာ

## (နည်းဥပဒေ ၇)

သို့

…………… တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု တင်ပြခြင်း**

၁။ ______________________________________________________

____________________________________________________________

၂။ ______________________________________________________

____________________________________________________________

| | |
|---|---|
| လက်မှတ် | ____________ |
| တင်ပြသူအမည် | ____________ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ____________ |
| မိဘအမည် | ____________ |
| အသက် | ____________ |
| လူမျိုး၊ ဘာသာ | ____________ |
| အလုပ်အကိုင်/ ရာထူး /အဆင့် | ____________ |
| ဆက်သွယ်ရန်လိပ်စာ | ____________ |
| ဖုန်းနံပါတ် | ____________ |

မိတ္တူကို -

၁။ တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ

၂။ ……….ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့

**Hkrang( 1-A )**

**Jep san mulu tang madun laika**
**(Tara Upadi-9)**

De/

………….. Ginwang kaba/ Mungdaw Asuya Dap

N'htoi: / /

GINLAM : **MUNGCHYING MYUSHA NI A AHKAW AHKAN SUM MACHYI AI LAM, MULU AI LAM TANGMADUN AI LAM**

Madi ai : Mung Ginwang kaba/ Mungdaw Asuya nga Dap a lit shatsam laika.

1. Madi madun laika hta lawm ai hte maren Mungchying Myusha ni a ahkaw ahkang sum machyi ai hte seng nna lit shatsam ai lam ni hpe (N'htoi ……….shani……….na) ya du hkra jep san galaw) dalu sai.

2. San-jep mu mada ai lam lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

3. Galaw ya gring ai lam ni gaw lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

4. Galaw ya n-gring ai lam ni gaw lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

5. Jep san mu mada ai ntsa matut lam matsun lu na matu tang shawn ai.

Mung Ginwang kaba/ Mungdaw
Mungchying Myusha lam Hkringmang (sh)
Lit shatsam hkrum ai Asuya Dap Hkringmang

Kanan:-

1. Munghpawm Hkringmang Mungchying Myusha Hkringmang Dap
2. Rung mazing

ပုံစံ(၁-က)

**စိစစ်တွေ့ရှိချက် အစီရင်ခံစာ**

**(နည်းဥပဒေ ၉)**

သို့

………….. တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်ကို ( ) ရက်နေ့မှ ( ) ရက်နေ့အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၃။ ဆောင်ရွက်ပေးသင့်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၄။ ဆောင်ရွက်မပေးသင့်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________

(ခ) ____________________

၅။ စိစစ်တွေ့ရှိချက်အပေါ် လမ်းညွှန်မှု ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

သို့မဟုတ်

တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို -

၁။ ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

၂။ ရုံးလက်ခံ

**Hkrang(1-B)**

**San-jep mu mada ai tang shawn laika**
**(Tara Upadi 10- Tara Upadi (A) )**

De/

………….. Mung Ginwang kaba / Mungdaw Asuya Dap

N'htoi:- / /

GINLAM : **MUNGCHYING MYUSHA NI A AHKAW AHKANG SUM MACHYI LAM SAN JEP MU MADA LAIKA TANG SHAWN AI LAM.**

Madi madun ai: Mung Ginwang kaba/ Mungdaw Asuya Dap a lit shatsam ai laika.

1. Madi madun laika hte maren Mungchying Myusha ni a ahkaw ahkang sum machyi lam hte seng nna lit shatsam ai hpe ( ) ya nna ( ) ya du san sagawn wa lu sai.

2. San sagawn mu lu ai lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

Galaw ra na lam ni lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

3. Munghpawm atsang Hkringmang Dapni, Asuya Dap ni Asuya hpung ni karum ningtum lu na lam ni gaw lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

5. San jep mu lu ai a ntsa matsun lam madun ya na tang madum ai.

Mung Ginwang kaba/ Mungdaw
Mungchying Myusha lam Hkringmang (sh)
Lit shatsam hkam ai Asuya hpung Hkringmang

Kanan:-

1. Munghpawm Hkringmang Mungchying MyushaHkringmang Dap
2. Rung mazing

ပုံစံ (၁-ခ)

**စိစစ်တွေ့ရှိချက် အစီရင်ခံစာ**

**(နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ(က))**

သို့

………… တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက် ။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သည့်ကိစ္စရပ်ကို ( )ရက်နေ့မှ ( ) ရက်နေ့အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၃။ ဆောင်ရွက်ပေးသင့်သည့်အချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၄။ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများက ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၅။ စိစစ်တွေ့ရှိချက်အပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
သို့မဟုတ်
တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို -

၁။ ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

၂။ ရုံးလက်ခံ

**Hkrang(1-C)**

**San-jep mu mada ai tang shawn laika**
**(Tara Upadi 10- Tara Upadi (A) )**

De,

Munghpawm Hkringmang
Mungchying Myusha ni a lam Hkringmang Dap
kaw nna
………….. Mung Ginwang kaba/ Mungdaw Asuya hpung

N'htoi:- / /

GINLAM**: :MUNGCHYING MYUSHA NI A AHKAW AHKANG SUM MACHYILAM SAN JEP MU MADA LAIKA TANG SHAWN AI LAM.**

Madi madun ai: :Mung Ginwang kaba/ Mungdaw Asuya Dap a lit shatsam ai laika.

1. Madi madun laika hte maren Mungchying Myusha ni a ahkaw ahkang sum machyi lam hte seng nna lit shatsam ai hpe ( ) ya nna ( ) ya du san sagawn wa lu sai.

2. San sagawn mu lu ai lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

3. Galaw ra na lam ni lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

4. Munghpawm atsang Hkringmang Dap ni, Asuya Dap ni Asuya hpung ni karum ningtum lu na lam ni gaw lawu na hte maren rai nga ai.

(A) ____________________________________________________

(B) ____________________________________________________

5. San jep mu lu ai a ntsa matsun lam madun ya na tang madum ai.

Mung Ginwang kaba/ Mungdaw
Mungchying Myusha lam Hkringmang (sh)
Lit shatsam hkam ai Asuya hpung Hkringmang

Kanan:-

Rung mazing

ပုံစံ(၁-ဂ)

**စိစစ်တွေ့ရှိချက် အစီရင်ခံစာ**
**(နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ(က))**

သို့

ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

မှတစ်ဆင့်

…………. တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက် ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သည့်ကိစ္စရပ်ကို ( ) ရက်နေ့မှ ( ) ရက်နေ့အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၃။ ဆောင်ရွက်သင့်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၄။ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်းများက ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၅။ စိစစ်တွေ့ရှိချက်အပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
သို့မဟုတ်
တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို

ရုံးလက်ခံ

**Hkrang(1-D)**

**San jep mulu ni tang shawn laika**

**Tara Upadi 11**

De,

………….. Mung Ginwang kaba / Mungdaw Asuya Dap

N'htoi;- / /

GINLAM: : **MUNG MYUSHA NI A AHKAW AHKANG SUM MA-CHYI LAMJEP-SAN MU MADA AI TANG MADUNLAIKA.**

Madi madun: : Ginwang kaba/ Mungdaw Asuya hpung a lit shatsam ailaika

1. Madi madun ai laika hta Mungchying Myusha ni ahkaw ahkang hkrat sum lam hte seng nna lit shatsam ai lam ni hpe ( ) ya nna ( ) ya du san laman galaw da ai.

2. San maran mu lu ai lam lawu na hte maren rai nga ai.

(A) ____________________________________________

(B) ____________________________________________

3. Masam maram tang madun ai lam

____________________________________________

____________________________________________

4. Lam matsun na matu tang shawn ai rai.

Ginwang kaba/ Mungdaw

Mungchying Myusha lam a Hkringmang (sh)

Lit shatsam hkam ai Asuya hpung a Hkringmang

Kanan:-

- Rung Mazing

**ပုံစံ ( ၁-ဃ )**

**စိစစ်တွေ့ရှိချက် အစီရင်ခံစာ**

**(နည်းဥပဒေ ၁၁)**

သို့

…………... တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု စိစစ်တွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏တာဝန်ပေးအပ်သည့်စာ

၁။ ရည်ညွှန်းပါစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်ကို ( ) ရက်နေ့မှ ( ) ရက်နေ့ အထိ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________________________________

(ခ) ____________________________________________

၃။ သုံးသပ်တင်ပြချက်

____________________________________________

____________________________________________

၄။ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
သို့မဟုတ်
တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီး

မိတ္တူကို -

ရုံးလက်ခံ

**Hkrang( 2 )**

**Tang madun laika**
**(Tara Upadi- 17)**

De,

………….. Mungchying Myusha ni a lam Hkringmang Dap

…………..Ginwang kaba/ Mungdaw Asuya Dap

kaw nna

Matsun du

Rudi amyusha ni a Ahkaw ahkang makawp maga dap

…………….Ginwang kaba/ Mungdaw

N'htoi : / /

GINLAM:**N DANG KALANG AI THING-RAM SAILAM TANGSHAWN LAIKA TANG MADUN AI**

1. ____________________________________________________________

______________________________________________________________________

2. ____________________________________________________________

______________________________________________________________________

Ta masat __________

Tang madun ai wa __________

Mungcha No __________

Myusha/ Makam masham __________

Galaw bungli/ atsang/ madang __________

Matut ma hkring dat __________

Kawa mying __________

Asak __________

Phone No. __________

Kanan:

1. Mung Ginwang kaba/ Mungdaw Mungchying Myusha Hkringmang ni
2. ……Tinang uphkang ahkang lu Ginwang/ Ginra woi-awn Dap.

**ပုံစံ (၂)**

**တင်ပြစာ**

**(နည်းဥပဒေ ၁၇)**

သို့

…………… တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

…………… တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

မှတစ်ဆင့်

ညွှန်ကြားရေးမှူး

တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန

……………တိုင်းဒေသကြီး/ ပြည်နယ်

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငြင်းပွားမှုအပေါ် ညှိနှိုင်းဖြေရှင်းပေးနိုင်ပါရန် တင်ပြခြင်း**

၁။ ________________________________________________________________

________________________________________________________________________

၂။ ________________________________________________________________

________________________________________________________________________

| | |
|---|---|
| လက်မှတ် | __________ |
| တင်ပြသူအမည် | __________ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | __________ |
| မိဘအမည် | __________ |
| အသက် | __________ |
| လူမျိုး၊ ဘာသာ | __________ |
| အလုပ်အကိုင်/ ရာထူး /အဆင့် | __________ |
| ဆက်သွယ်ရန်လိပ်စာ | __________ |
| ဖုန်းနံပါတ် | __________ |

မိတ္တူကို -

၁။ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့

၂။ ……….ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့

**Hkrang(2-A)**

**N dang kalang ai hting-ram ai tang shawn laika**
**Tara Upadi 18/ Tara garan (B)**

De/

………….. Ginwang kaba / Mungdaw Asuya hpung

N'htoi:- / /

GINLAM: **N DANG KALANG AI THING-RAM SAI LAM TANG SHAWN LAIKATANG MADUN AI.**

1. Mungchying Myusha shada da (sh) Mungchying Myusha bawsang lapran byin ai n-dang kalang ai lam hte seng nna tang madun lam hpe ( ) ya nna ( ) ya du hkra hting-ram ya lu ai.

2. N-dang kalang lam a n'pawt ni gaw lawu na hte maren rai nga ai.

(A) ______________________________________________________

(B) ______________________________________________________

3. Hting-ram ya lu na matu lawu na hte maren rai na re.

(A) ______________________________________________________

(B) ______________________________________________________

4. Hting-ram n lu na lam ni gaw lawu na hte maren rai na

(A) ______________________________________________________

(B) ______________________________________________________

5. Masam maram tang madun ai lam

(A) ______________________________________________________

(B) ______________________________________________________

6. Lam matsun na matu tang shawn a rai.

Ginwang kaba/ Mungdaw
Mungchying Myusha Hkringmang

Kanan;-

Rung mazing

ပုံစံ (၂-က)

**အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာ**

**(နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ခ))**

သို့

…………... တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာတင်ပြခြင်း**

၁။ တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ တင်ပြလာမှုကို ( )ရက်နေ့မှ ( ) ရက်နေ့အထိ ညှိနှိုင်းဖြေရှင်းခဲ့ပါသည်။

၂။ အငြင်းပွားမှု၏ အခြေခံအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၃။ ညှိနှိုင်းဖြေရှင်းနိုင်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၄။ ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

၅။ သုံးသပ်တင်ပြချက်

(က) ______________________________

(ခ) ______________________________

၆။ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

မိတ္တူကို -

ရုံးလက်ခံ

**Hkrang(2-B)**

**N dang kalang ai hting-ram ai tang shawn laika**
**Tara Upadi 18/ Tara garan (B)**

De/

Munghpawm Hkringmang
Mungchying Myusha ni a lam Hkringmang Dap

N'htoi:- / /

GINLAM: **N DANG KALANG AI THING-RAM SAI LAM TANGSHAWN LAIKA TANG MADUN AI.**

1. Mungchying Myusha shada da (sh) Mungchying Myusha bawsang lapran byin ai n-dang kalang ai lam hte seng nna tang madun lam hpe ( ) ya nna ( ) ya du hkra hting-ram ya lu ai.

2. N-dang kalang lam a n'pawt ni gaw lawu na hte maren rai nga ai.

(A) ____________________________________________________

(B)____________________________________________________

3. Hting-ram ya lu na matu lawu na hte maren rai na re.

(A) ____________________________________________________

(B)____________________________________________________

4. Hting-ram n lu na lam ni gaw lawu na hte maren rai na

(A) ____________________________________________________

(B)____________________________________________________

5. Masam maram tang madun ai lam

(A) ____________________________________________________

(B)____________________________________________________

6. Lam matsun na matu tang shawn a rai.

Ginwang kaba/ Mungdaw
Mungchying Myusha Hkringmang

Kanan;-

Rung mazing

ပုံစံ (၂-ခ)

## အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာ

## (နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ခ))

သို့

ပြည်ထောင်စုဝန်ကြီး

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ရက်စွဲ။ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းချက် အစီရင်ခံစာတင်ပြခြင်း**

၁။ တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွား သည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ တင်ပြလာမှုကို ( ) ရက်နေ့မှ ( ) ရက်နေ့အထိ ညှိနှိုင်းဖြေရှင်းခဲ့ပါသည်။

၂။ အငြင်းပွားမှု၏ အခြေခံအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________________________________

(ခ) ____________________________________________

၃။ ညှိနှိုင်းဖြေရှင်းနိုင်သည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ____________________________________________

(ခ) ____________________________________________

၄။ ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိသည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ____________________________________________

(ခ) ____________________________________________

၅။ သုံးသပ်တွေ့ရှိချက်

____________________________________________

____________________________________________

၆။ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

မိတ္တူကို -

ရုံးလက်ခံ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့်
ဂျိန်းဖော့ရိုးရာယဉ်ကျေးမှုနှင့်စာပေအသင်း တို့မှပူးပေါင်းဘာသာပြန်၍
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ
အခမဲ့ထုတ်ဝေသည်။